PRODUCT-11

# VATON FX {2 Years Warranty} & VATON WOOD PRO {5 Years Warranty}

## *Oil Stain For Exterior*

## ဂုဏ်သတ္တိများ

**VATON FX & VATON WOOD PRO** သည် Exterior အတွက်အထူးသင့်လျော်သော Oil Stain အမျိုးအစားဖြစ်ပါသည်။ **VATON FX & VATON WOOD PRO** အားဘေးအန္တရာယ်မရှိသော သဘာဝထွက်ကုန်များ နှင့် သစ်သီးဂလံဆီတို့ဖြင့် ပြုလုပ်ထားပါသည်။ Toluene နှင့် Xylene ကဲ့သို့သော ဓာတုဗေဒ ပစ္စည်းများလုံးဝပါဝင်မှုမရှိပါ။ သို့ဖြစ်ပါ၍ ဆေးသုတ်ထားသောမျက်နှာပြင်အား ကလေးများ ထိတွေ့မှုရှိခဲ့ပါက ဘေးအန္တရာယ်မရှိပါ။ အနံအသက်ကင်းမဲ့မှုကြောင့် ကျန်းမာရေး နှင့် ညီညွတ်သည်။ ဆေးသုတ် ထားသောမျက်နှာပြင်အတွင်းသို့ စိမ့်ဝင်သွားနိုင်သည့် (Penetrating) ဂုဏ်သတ္တိကြောင့် Exterior တွင်အသုံးပြုခဲ့ပါက ရာသီဥတု ဒဏ်မျိုးစုံ နှင့် ပွတ်တိုက်မှု ဒဏ်အားကောင်းစွာခံနိုင်ပြီး ဆေးသား၏အရောင်မှာလည်း နှစ်ရှည်ခံနိုင်ရည် ရှိပါသည်။စုတ်တံ ၊ Roller အစရှိသည့်တို့ဖြင့် လွယ်ကူစွာအသုံးပြုနိုင်သည်။

## အသုံးပြုရန်အညွှန်း

အသုံးပြုမည့်မျက်နှာပြင်အား ဆီ နှင့် ဖုန်မှုန့်များ သန့်ရှင်းရေးပြုလုပ်ပြီး စက်ကော်ပတ် (သို့မဟုတ်) ကော်ပတ် No.(180-240) ဖြင့် ကော်ပတ် ကောင်းစွာတိုက်ခြင်း ပြုလုပ်ထားရမည်။ **VATON FX & VATON WOOD PRO** ဆေးအား Brush , Roller တို့ဖြင့် အသုံးပြုနိုင်ပါသည်။ ပထမအကြိမ် (1st Coat) ဆေးသုတ်ပြီး (၁၆) နာရီ စောင့်ဆိုင်းပြီး ဒုတိယအကြိမ် (2nd Coat) အား ယခင်အသုံးပြုခဲ့သည့်အတိုင်း Brush , Roller တို့ဖြင့်အသုံးပြုနိုင်ပါသည်။ 2nd Coat ဆေးသုတ်ပြီးထားသော မျက်နှာပြင်အား (၂၄) နာရီ စောင့်ဆိုင်းပြီးပါက စိတ်ကြိုက်အသုံးပြုနိုင်ပါသည်။

ပုံမှန် ( Touch Dry ) ခြောက်သွေ့ချိန်မှာ ( ၁၅ မိနစ် မှ ၂၅ မိနစ် ) ဖြစ်ပါသည်။

## သတိပြုရန်အချက်များ

- **VATON FX & VATON WOOD PRO** ဆေးသည် Pre-Mix Type အမျိုးအစားဖြစ်ပါသဖြင့် ဆေးသားထဲသို့ ထပ်မံ၍ မည်သည့်အရာမှ ရောနှောခြင်းမပြုရပါ။
- ဆေးကို အသုံးမပြုမှီ ဆေးဘူးကို လှုပ်ခါရပါမည် ၊ မွှေတံဖြင့် နံ့စပ်အောင် မွှေပြီးမှသာ အသုံးပြုရပါမည်။
- ဆေးဘူးကို မှောင်၍အေးသောနေရာတွင် သိမ်းဆည်းရပါမည်။ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ မှုမရှိအောင် ထားရပါမည်။
- အသုံးပြုပြီးသော ဆေးပုံးများကို သေချာစွာအလုံပိတ်ပြီးမှ သိမ်းဆည်းသင့်ပါသည်။ အဖုံးမလုံပါက လေ နှင့် အလွယ်တကူဓာတ်ပြုသွားပြီး ဆေးသားများခမ်းခြောက်ပျက်စီးသွားနိုင်ပါသည်။

## PRODUCTS AVAILABLE

- အခြေခံ (Basic Colors) အရောင်ပေါင်း မြောက်များစွာရှိပြီး ၎င်းအခြေခံ (Basic Colors) များမှတဆင့် မိမိနှစ်သက်သည့် အရောင်အား ထပ်မံဖန်တီးယူနိုင်သည်။
- Penetrating Type (သစ်သားထဲသို့ စိမ့်ဝင်သွားသော) အမျိုးအစားဖြစ်၍ Matt Type တစ်မျိုးသာ ရှိသည်။